# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 27, 2026 Volume 102 , Number 18


**၂၇. ၅.၂၀၂၆**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၅.၃၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၄.၆၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၄.၁၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၅၀၀.၂၄ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၆၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၀.၂၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၉.၆၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၄၉ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပုသိမ်စက်မှုဆိပ်ကမ်းမှ ထိုင်းနိုင်ငံ ရနောင်းဆိပ်ကမ်းသို့ ဇွန်လအတွင်း ပြောင်းဆံတန်ချိန် ၁၈၀၀ တိုက်ရိုက်တင်ပို့မည်



ပုသိမ်စက်မှုဆိပ်ကမ်းမှ ထိုင်းနိုင်ငံ ရနောင်းဆိပ်ကမ်းသို့ ဇွန်လအတွင်း ပြောင်းဆံ တန်ချိန် ၁၈၀၀ တိုက်ရိုက်တင်ပို့မည်ဖြစ်ကြောင်း သိရသည်။

Strategy Win Trading ကုမ္ပဏီလီမိတက်မှ ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထွက်ရှိသည့် အစေ့ထုတ်ပြောင်းများကို ပုသိမ်စက်မှုဆိပ်ကမ်းမှတစ်ဆင့် ထိုင်းနိုင်ငံ၊ ရနောင်းဆိပ်ကမ်းသို့တင်ပို့ရန် အစီအစဉ်နှင့်စပ်လျဉ်း၍ တင်ပြခြင်း အခမ်းအနားကို မေ ၂၂ ရက် ညနေပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ (၁) တွင် ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအေးကျော်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်ကုမ္ပဏီမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကုမ္ပဏီမှတာဝန်ရှိသူများက ဧရာဝတီတိုင်းဒေသကြီးအခြေစိုက် Strategy Win Trading ကုမ္ပဏီနှင့် AEG ကုမ္ပဏီတို့ ပူးပေါင်းပြီး ပုသိမ်စက်မှုဆိပ်ကမ်းမှ ထိုင်းနိုင်ငံ ရနောင်းဆိပ်ကမ်းသို့ ဇွန်လအတွင်း ပြောင်းဆံတန်ချိန် ၁၈၀၀ တိုက်ရိုက်တင်ပို့မည့် အစီအစဉ်များနှင့် ဖိလစ်ပိုင်နိုင်ငံသို့ ပုသိမ်စက်မှုဆိပ်ကမ်းမှ ဆန်များတိုက်ရိုက်တင်ပို့မည့် အခြေအနေများ၊ ပြည်ပနိုင်ငံများသို့ ဘဏ္ဍာနှစ်အလိုက် ပြောင်းတင်ပို့မှုအခြေအနေများကို ရှင်းလင်းတင်ပြမှုများနှင့် ဌာနဆိုင်ရာများ၊ တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြကြောင်း သိရသည်။

တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးသည်

စိုက်ပျိုးရေးတိုင်းဒေသကြီးဖြစ်ပြီး စိုက်ပျိုးရေး ထွက်ကုန်များနှင့် ရေထွက်ပစ္စည်းများကိုလည်း ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးလုံလောက်စွာရရှိရေးနှင့် စီးပွားရေးပိုမိုတိုးတက် ကောင်းမွန်ရေး၊ ပုသိမ်စက်မှုဆိပ်ကမ်းမှတစ်ဆင့် တိုင်းဒေသကြီး၏ထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေးအပြင် ပြည်ပမှ ကုန်များကိုလည်း တိုင်းဒေသကြီးအတွင်း ပြန်လည်တင်သွင်းနိုင်ရေး ရည်မှန်းချက်ထားရှိကြောင်း၊ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များအနေဖြင့်လည်း တိုင်းဒေသကြီးပိုမိုဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့အနေဖြင့်လည်း လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**Source:** https://news-eleven.com/article/312183

## တရုတ်သို့ မြန်မာ့ဒူးရင်းသီး တင်ပို့သွားရန်စီစဉ်နေ

မြန်မာနိုင်ငံက ထွက်ရှိသည့် ဒူးရင်းသီးကို ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် စီစဉ်နေသည်ဟု စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ တရုတ်နိုင်ငံသည် ဒူးရင်းသီးဝယ်လိုအား အမြင့်ဆုံးနိုင်ငံ တစ်ခုဖြစ်သည့် အတွက် မြန်မာ့ဒူးရင်းသီးကိုတင်ပို့ပြီး ခိုင်မာသည့်ပြည်ပဈေးကွက်ရရှိအောင် မျှော်မှန်းထားသည်ဟုသိရသည်။ တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့နိုင်ရေးအတွက် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တွင် မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရစိုးက မေ ၁၉ ရက်နေ့က ပြုလုပ်ခဲ့သည့် မြန်မာ့ ဒူးရင်းပွဲတော် ၂၀၂၆ ဖွင့်ပွဲတွင် ပြောဆိုခဲ့ခြင်းဖြစ်သည်။ **"ပြည်ပဈေးကွက်ရမယ်ဆိုရင် ပိုကောင်းတာပေါ့။ အခုက ပြည်တွင်းစားသုံးမှုပဲရှိတာလေ။ ဈေးကလည်းမြင့်တော့ လူတိုင်းအကြိုက်မစားနိုင်တဲ့ အခြေအနေရှိတယ်"** ဟု ဒူးရင်းသီး ရောင်းချသူတစ်ဦးကပြောသည်။

လက်ရှိတွင် မြန်မာ့ဒူးရင်းသီးက ပြည်တွင်းစားသုံးမှုသာ အဓိကရှိပြီး ဈေးနှုန်းအနေဖြင့် အသီးအရည် အသွေးပေါ်မူတည်၍ တစ်ကီလိုလျှင် ၆၀,၀၀၀ ကျပ်လောက်အထိ အမြင့်ဆုံးဈေးပေါက်ပြီး အလုံးလိုက်ဈေးကမူ သိန်းဂဏန်းအထိ ဈေးရှိသည်ဟု သိရသည်။ မြန်မာ့ဒူးရင်းသီးကို အလုံးလိုက်ရောင်းချခြင်း၊ ခွဲပြီးဒူးရင်းသီးအသားကို ရောင်းချခြင်းအပြင် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နိုင်ရန်အတွက်လည်း ပြည်တွင်း၊ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်သွားရန် ပြင်ဆင်နေသည်ဟု စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**"ဒီနှစ်စပို့နိုင်မယ်ဆိုရင်တောင် ရာသီကုန်မှ စနိုင်ဖို့များလောက်တယ်။ ဘာလို့ဆို အခုတောင် ဒူးရင်းသီးက စပေါ်နေပြီ၊ ရောင်းနေကြပြီလေ။ ဒူးရင်းသီးအသားမှာပြီးသားကို ကောင်းရင်ကောင်းသလို ဈေးက အမျိုးမျိုးဖြစ်နေတာပဲ။ အခုကတော့ ဝယ်လိုအားရှိပါတယ်။ ရောင်းသမျှအကုန်ကုန်တယ်"** ဟု ရန်ကုန်မှ ဒူးရင်းသီးရောင်းချသူတစ်ဦးက ပြောသည်။

ဒူးရင်းသီးကို မြန်မာနိုင်ငံ တောင်ဘက်ပိုင်းဒေသများဖြစ်သည့် မွန်၊ ကရင်၊ တနင်္သာရီဒေသများတွင် အများအပြား စိုက်ပျိုးဖြစ်ထွန်းပြီး စုစုပေါင်းစိုက်ပျိုးဧကအနေဖြင့် သောင်းဂဏန်းအထိရှိသည်ဟုသိရသည်။ မြန်မာနိုင်ငံတွင် ဒူးရင်းသီးပေါ်ချိန်ကမူ ယခုမေလကစပြီး ဇွန်၊ ဇူလိုင်လတို့တွင် ဒူးရင်းသီးများ လှိုင်လှိုင်ထွက်ပေါ်ပြီး ဈေးကွက်ထဲ ဝင်ရောက်ခြင်းဖြစ်သည်ဟုသိရသည်။ ဒူးရင်းသီးသည် ကမ္ဘာ့တစ်ဝှမ်းရှိ အပူပိုင်းဒေသများအပါအဝင် အရှေ့တောင် အာရှနိုင်ငံများဖြစ်သည့် မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းနှင့်မြန်မာတို့တွင် အဓိကစိုက်ပျိုး ဖြစ်ထွန်းမှုရှိသည်ဟု သိရသည်။

**Source : "အစိမ်းရောင်လမ်းမှ ကူးယူဖော်ပြပါသည်"**

**Myantrade.gov.mm**

## ပဲတီစိမ်းစိုက်ပျိုးမှုနှင့် ဈေးကွက်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပဲတီစိမ်း ဧကပေါင်း ၅ ဒသမ ၇ သိန်းကျော် စိုက်ပျိုးရန် လျာထားကြောင်း သိရပါသည်။ မိုးပဲတီစိမ်း ဧက ၄ ဒသမ ၇ သိန်းကျော်နှင့် ဆောင်းပဲတီစိမ်း ဧက ၁ သိန်းခန့် လျာထားပါသည်။

မေလတတိယအပတ်တွင် မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်နေသော ပဲတီစိမ်းကြီးဈေးနှုန်းမှာ တစ်တင်း ၉၀,၀၀၀ မှ ၁၀၂,၀၀၀ ကျပ်၊ ပဲတီစိမ်းသေး တစ်တင်း ၉၅,၀၀၀-၁၀၀,၀၀၀ ကျပ်ရှိပြီး ယခင်အပတ် မေလ ၁၃ ရက်နေ့ ပေါက်ဈေးနှုန်းမှာ ပဲတီစိမ်းကြီး တစ်တင်း ၁၂၃,၀၀၀ ကျပ်နှုန်းရှိပြီး ယခင်အပတ် ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျဆင်း လာကြောင်းသိရပါသည်။

**Source: စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပင်လယ်ကွေ့ပဋိပက္ခနှင့်ကုန်ကြမ်းဈေးကြီးမှုကြောင့် ၂၀၂၆ တွင် ယူရီးယားဓာတ်မြေသြဇာဈေးနှုန်း သမိုင်းတစ်လျှောက် ဒုတိယအမြင့်ဆုံးအထိ ထိုးတက်နိုင်ဟု ကမ္ဘာ့ဘဏ်သတိပေး

ပင်လယ်ကွေ့ဒေသတွင်း မတည်ငြိမ်မှုများနှင့် ဟော်မုဇ်ရေလက်ကြား ပိတ်ဆို့မှုများကြောင့် အရှေ့အလယ်ပိုင်းမှ ဓာတ်မြေ သြဇာတင်ပို့မှုများ လုံးဝနီးပါးရပ်ဆိုင်းသွားသဖြင့် ဖိလစ်ပိုင်အပါအဝင် နိုင်ငံတကာက အဓိကအားထားရသည့် ယူရီးယား(Urea) ဓာတ်မြေသြဇာဈေးနှုန်းများသည် ၂၀၂၆ ခုနှစ်တွင် ယခင်နှစ်ကထက် ၆၀ ရာခိုင်နှုန်းနီးပါးထိုးတက်ကာ လေးနှစ်တာအတွင်း အမြင့်ဆုံးဖြစ်သည့် တစ်မက်ထရစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၇၅ အထိရောက်ရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်း ထားသည်။ ယင်းအပြင် အီရန်နှင့်ကာတာနိုင်ငံတို့တွင် ပဋိပက္ခနှင့်စက်ရုံပျက်စီးမှုများကြောင့် ထုတ်လုပ်မှုရပ်ဆိုင်းနေခြင်း၊ အိန္ဒိယတွင် သဘာဝဓာတ်ငွေ့ရည်(LNG)ပြတ်လပ်ခြင်းနှင့် ကမ္ဘာ့ဒုတိယအများဆုံး တင်ပို့သူဖြစ်သည့် တရုတ်နိုင်ငံက ပြည်တွင်းဈေးနှုန်း ထိန်းညှိရန် ပြည်ပတင်ပို့မှုကန့်သတ်ရန် စဉ်းစားနေခြင်းတို့ကြောင့် ကမ္ဘာ့ဓာတ်မြေသြဇာကုန်သွယ်မှုတွင် ထောက်ပံ့မှုပမာဏ ပိုမိုကျုံ့သွားကာ ဈေးနှုန်းများ ဆက်လက်မြင့်တက်နေခြင်းဖြစ်သည်။

ယခုကဲ့သို့ကမ္ဘာ့ဈေးကွက်အပိတ်အဆို့များသည် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကိုထိခိုက်စေပြီး လယ်သမားများ၏ အကျိုး အမြတ်ကို လျော့နည်းစေမည်ဖြစ်သည်။ ထို့အပြင် နောက်ထပ်ထုတ်လုပ်မှုလျော့ချရခြင်းများနှင့် ဝယ်လိုအား ကျဆင်းခြင်းများ ဆက်လက်ဖြစ်ပေါ်လာနိုင်ပြီး၊ ၎င်းအခြေအနေများသည် ကမ္ဘာ့ဒေသအချို့တွင် အချိန်ကာလ တစ်ခုကြာမြင့်ပြီးနောက် သီးနှံ အထွက်နှုန်းများကိုပါ ဆိုးရွားစွာသက်ရောက်မှုရှိလာစေနိုင်သည်။

ယူရီးယားဓာတ်မြေသြဇာဈေးနှုန်းများ အဆမတန်မြင့်တက်လာခြင်းကြောင့် ဓာတ်မြေသြဇာဝယ်ယူနိုင်စွမ်း အခြေအနေသည် ၂၀၂၂ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးအဆင့်သို့ ရောက်ရှိသွားခဲ့ပြီး လယ်သမားများအတွက် စိုက်ပျိုးစရိတ်ကြီးကာ အမြတ်အစွန်းပိုနည်းသွားစေသည်။ ဒေသတွင်းကုန်စည်ပို့ဆောင်မှုပြန်လည်ကောင်းမွန်လာပါက ၂၀၂၇ ခုနှစ်တွင် ယူရီးယား ဈေးနှုန်း ၂၅ ရာခိုင်နှုန်းခန့်ပြန်လည်ကျဆင်းသွားမည်ဟု ကမ္ဘာ့ဘဏ်က မျှော်လင့်ထားသော်လည်း အရှေ့အလယ်ပိုင်း၌ သယ်ယူပို့ဆောင်ရေး အကျပ်အတည်းများ ခန့်မှန်းထားသည်ထက်ကြာရှည်နေခြင်း သို့မဟုတ် ပဋိပက္ခများ ပြန်လည်ပြင်းထန်လာခြင်းတို့ကြောင့် ယခုနှစ်အတွင်း ကုန်ပစ္စည်းပြတ်လပ်မှုများ ပိုမိုဆိုးရွားကာ ဈေးနှုန်းများ ထပ်မံထိုးတက်သွားနိုင်သည့် အန္တရာယ်များရှိနေဆဲဖြစ်သည်။

ထို့အပြင် အဓိကတင်ပို့သည့်နိုင်ငံကြီးများက ပြည်တွင်းဖူလုံရေးအတွက် ကုန်သွယ်မှုပိတ်ဆို့လာနိုင်ခြင်းနှင့် ယူရီးယား ကုန်ကြမ်းစရိတ်၏ ၈၀ မှ ၉၀ ရာခိုင်နှုန်းအထိရှိသော သဘာဝဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်လာနိုင်ခြင်းတို့ကြောင့် ၂၀၂၆ ခုနှစ် အတွင်း ယူရီးယားဈေးနှုန်းသည် တစ်မက်ထရစ်တန်လျှင် ဒေါ်လာ ၇၀၀ ကျော်အထိ

ကျော်လွန်သွားနိုင်သည်။ အကယ်၍ ထိုသို့ဖြစ်လာပါက ယခုနှစ်ဈေးနှုန်းသည် ၁၉၇၄ ခုနှစ်နောက်ပိုင်း သမိုင်းတစ်လျှောက် ဒုတိယအမြင့်ဆုံး စံချိန်တင်ဈေးနှုန်း အဆင့်သို့ရောက်ရှိသွားနိုင်ကြောင်း ကမ္ဘာ့ဘဏ်က သတိပေးထားသည်။

**Source** : https://businessmirror.com.ph/2026/05/13/urea-seen-to-hit-4-year-high-in-2026-on-gulf-disruptions/

**(အိသဇင်စိုး၊ စီးပွားရေးသံမှူး၊ မနီလာမြို့)**

## ဖိလစ်ပိုင်၏ဆန်တင်သွင်းမှု ဧပြီလကုန်တွင် ၁၈ ရာခိုင်နှုန်းသို့ အရှိန်မြင့်တိုးတက်လာ

ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၆ ခုနှစ် ပထမ ၄ လပတ်တွင် ဆန်ထုတ်လုပ်မှုလျော့နည်းနိုင်သည့် စိုးရိမ်မှုများကြောင့် ဆန်တင်သွင်းမှုကို ၁၈ ရာခိုင်နှုန်းတိုးမြင့်ခဲ့ပြီး တန်ချိန် ၁ ဒသမ ၆၈ သန်းအထိ(၁ ဒသမ ၇ သန်းနီးပါး)ရောက်ရှိခဲ့သည်။ Bureau of Plant Industry(BPI)၏ အချက်အလက်များအရ Sanitary and Phytosanitary(SPS)ခွင့်ပြုချက်တန်ချိန် ၂ ဒသမ ၂၄ သန်းခန့် တင်သွင်းရန်ခွင့်ပြုထားသော်လည်း ဧပြီလကုန်အထိ ၇၁ ရာခိုင်နှုန်းသာ နိုင်ငံအတွင်းရောက်ရှိသေးကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ ဆန်အများဆုံးတင်ပို့သည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေပြီး အိမ်နီးချင်း ဗီယက်နမ်နိုင်ငံမှ ဆန်တင်သွင်းမှုသည် တန်ချိန် ၁ ဒသမ ၄၆ သန်းအထိရှိခဲ့ရာ ၎င်းပမာဏသည် စုစုပေါင်း ဆန်တင်သွင်းမှု၏ ၈၆ ရာခိုင်နှုန်းကျော်ရှိခဲ့ကြောင်း၊ ယင်းနောက်တွင် ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၁၀၄,၀၅၂ တင်ပို့ခဲ့ပြီး၊ မြန်မာနိုင်ငံမှ တန်ချိန် ၇၂,၁၄၇ နှင့် ကမ္ဘောဒီးယားနိုင်ငံမှ တန်ချိန် ၃၅,၅၆၅ အသီးသီးလိုက်ပါတင်ပို့ခဲ့ကြကြောင်း သိရှိရသည်။

ဓာတ်မြေသြဇာစရိတ်စကများမြင့်မားလာခြင်းနှင့် ပြင်းထန်သော "ဆူပါအယ်လ်နီညို"(Super El Niño) ရာသီဥတု ဖြစ်ပေါ်လာနိုင်ခြေရှိသော သက်ရောက်မှုများကြောင့် ယခုနှစ်အတွင်း ထွက်ရှိမည့် ပြည်တွင်းဆန်ထုတ်လုပ်မှု လျော့နည်းသွားနိုင်ခြေကို ကာမိစေရန်အတွက် အစိုးရသည် ယခုကဲ့သို့ဆန်တင်သွင်းမှုများကို အသုံးပြုရန်စီစဉ်ထားခြင်း ဖြစ်ပြီး ပြီးခဲ့သည့် သီတင်းပတ်အတွင်းကလည်း ဖိလစ်ပိုင်စိုက်ပျိုးရေးဌာန(Department of Agriculture-DA)က လာမည့်နှစ်အထိ ဆန်တန်ချိန် ၁ ဒသမ ၅ သန်း တင်သွင်းရန်အတွက် ဗီယက်နမ်နိုင်ငံနှင့် ဆန်ဝယ်ယူရေး သဘောတူညီချက်တစ်ရပ် ချုပ်ဆိုခဲ့ကြောင်း ကြေညာခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ပြီးခဲ့သည့်ဧပြီလက ငွေကြေးဖောင်းပွမှုနှုန်း ၇ ဒသမ ၂ ရာခိုင်နှုန်းအထိ သုံးနှစ်တာ ကာလအတွင်း အမြင့်ဆုံးမြင့်တက်ခဲ့ပြီး ဆန်ဈေးနှုန်းမှာလည်း ၁၃ ဒသမ ၇ရာခိုင်နှုန်းအထိ ခုန်တက်သွားခဲ့သဖြင့် ပြည်တွင်း ဆန်လက်လီ ဈေးနှုန်းများ ပြန်လည်တည်ငြိမ်စေရန်အတွက် ယခုကဲ့သို့ဆန်တိုးမြှင့်တင်သွင်းရခြင်း ဖြစ်ကြောင်း၊ သို့ရာတွင် ဗီယက်နမ်မှ အမှန်တကယ်တင်သွင်းမည့် ဆန်ပမာဏကို ကမ္ဘာ့ဈေးကွက်နှင့် ပြည်တွင်း ဆန်ထွက်ရှိမှုအပေါ်မူတည်၍ ချိန်ညှိသွားမည်ဖြစ်ပြီး လာမည့်ဇွန်လမှ အောက်တိုဘာလ မိုးစပါးပေါ်ချိန်အတွင်း ပြည်တွင်းစပါးဈေးနှုန်းများ ကျဆင်းမသွားစေရန်နှင့် ပြည်တွင်းလယ်သမားများအား မျှတသောအကျိုးအမြတ် ဆက်လက်ရရှိစေရန်အတွက် နိုင်ငံခြားမှ ဆန်တင်သွင်းမည့်ပမာဏကို ကန့်သတ်ရန် စိုက်ပျိုးရေးဌာန(DA)က စဉ်းစားနေကြောင်း စိုက်ပျိုးရေးဝန်ကြီးက အထူးပြောကြားခဲ့သည်။

အဆိုပါဆန်တင်သွင်းမှုကန့်သတ်ချက်မှာ လက်ရှိအဆိုပြုထားသည့် ဆန်စပါးလုပ်ငန်းနှင့် စားသုံးသူအခွင့်အာဏာ မြှင့်တင်ရေး(Rice Industry and Consumer Empowerment-RICE) ဥပဒေမူကြမ်းပြဋ္ဌာန်းနိုင်မှုအပေါ် မူတည်နေဆဲဖြစ်သော်လည်း အစိုးရအနေဖြင့် ထို (၅)လတာကာလအတွင်း လစဉ်ဆန်တင်သွင်းမှုကို တန်ချိန် ၁ သိန်းခွဲမှ

၂ သိန်းကြားသာခွင့်ပြုရန် အကဲဖြတ်သုံးသပ်နေကြောင်း သိရှိရသည်။

ဖိလစ်ပိုင်အစိုးရသည် စားသုံးသူများကို အကာအကွယ်ပေးရန် တင်သွင်းလာသည့် ဆန်များကို တစ်ကီလိုလျှင် ၅၀ ပီဆိုထက် ပိုမရောင်းရဟု အမြင့်ဆုံးဈေးနှုန်းကန့်သတ်ရန် စီစဉ်နေကြောင်းနှင့် မေလ ၁၂ ရက်နေ့အထိ မနီလာ ဈေးကွက်တွင် တင်သွင်း ဆန်အမျိုးအစားအလိုက် တစ်ကီလိုလျှင် ၄၂ ဒသမ ၅၀ ပီဆိုမှ ၅၈ ဒသမ ၄ ပီဆိုကြား အရောင်း အဝယ်ဖြစ်နေကြောင်းသိရှိရသည်။ စိုက်ပျိုးရေးဝန်ကြီးက ဗီယက်နမ်အပြင် မြန်မာ၊ ကမ္ဘောဒီးယား၊ အိန္ဒိယနှင့်ပါကစ္စတန် နိုင်ငံတို့ထံမှလည်း ဆန်များ ပိုမိုတိုးမြှင့်တင်သွင်းရန် စဉ်းစားနေကြောင်း ပြောကြားခဲ့သည်။

**Source:** https://mb.com.ph/2026/05/12/rice-imports-up-18-at-end-april-amid-el-nino-fears

**(အိသဇင်စိုး၊ စီးပွားရေးသံမှူး၊ မနီလာမြို့)**

## အိန္ဒိယနိုင်ငံ၏ ငွေပေးချေမှုပမာဏ ၈၅.၅ ရာခိုင်နှုန်းကို UPI က ဦးဆောင်နေပြီး၊ debit card အသုံးပြုမှုကျဆင်း

အိန္ဒိယဗဟိုဘဏ်(RBI)မှ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် ငွေပေးချေမှုစနစ်ဆိုင်ရာ အစီရင်ခံစာ(Payments System Report)အရ ၂၀၂၅ ခုနှစ် ၏ ဒုတိယနှစ်ဝက်အတွင်း စုစုပေါင်းငွေပေးချေမှုပမာဏ၏ ၈၅ ဒသမ ၅ ရာခိုင်နှုန်းမှာ Unified Payments Interface(UPI)စနစ်ကြောင့်ဖြစ်ပြီး၊ အိန္ဒိယနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုဂေဟစနစ်သည် နေ့စဉ်ပြုလုပ်သောပမာဏ အနည်းငယ်ရှိသည့် လက်လီငွေလွှဲမှုများကြောင့် ပိုမိုတိုးတက်လာလျက်ရှိကြောင်း သိရှိရသည်။

UPI စနစ်သည် ငွေပေးချေမှုအကြိမ်ရေ(ပမာဏ)အားဖြင့် ဦးဆောင်လျက်ရှိသော်လည်း စုစုပေါင်းငွေကြေးတန်ဖိုး၏ ၉.၅ ရာခိုင်နှုန်းကိုသာ ဖြည့်ဆည်းပေးနိုင်ခဲ့ရာ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် တန်ဖိုးနည်းလက်လီငွေပေးချေမှု များကို လွယ်ကူချောမွေ့စေရေးအထောက်အကူပြုသည့်ကဏ္ဍတွင် ရှိနေကြောင်းသိရှိရသည်။ ဆန့်ကျင်ဘက်အနေဖြင့်၊ ကော်ပိုရိတ်လုပ်ငန်းကြီးများနှင့် အဖွဲ့အစည်းများအကြား တန်ဖိုးမြင့်မားသော ငွေလွှဲပြောင်းမှုများတွင် အဓိက အသုံးပြုသည့် Real Time Gross Settlement (RTGS)စနစ်သည် စုစုပေါင်းငွေပေးချေမှုအကြိမ်ရေ၏ ၀ ဒသမ ၁ ရာခိုင်နှုန်းသာရှိခဲ့သော်လည်း၊ စုစုပေါင်းငွေကြေးတန်ဖိုး၏ ၆၈ ဒသမ ၆ ရာခိုင်နှုန်းအထိရှိခဲ့ရာ ငွေကြေးတန်ဖိုးပိုင်းတွင် မိရိုးဖလာဘဏ်လုပ်ငန်းစနစ်များက ဆက်လက်လွှမ်းမိုးထားဆဲဖြစ်ကြောင်း သိရှိရသည်။

UPI၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုနှင့် ခရက်ဒစ်ကတ်များ လျင်မြန်စွာခေတ်စားလာခြင်းနှင့်အတူ လွန်ခဲ့သည့် ၄ နှစ်တာကာလအတွင်း ဒက်ဘစ်ကတ်(Debit Card)အသုံးပြုမှု သိသိသာသာကျဆင်းသွားကြောင်းလည်း အိန္ဒိယ ဗဟိုဘဏ်၏ အစီရင်ခံစာအရ သိရှိရသည်။ Debit Card ဖြင့် ငွေပေးချေမှုအကြိမ်ရေသည် ၂၀၂၁ ခုနှစ်တွင် ၄ ဒသမ ၀၈၇ ဘီလီယံရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ၁ ဒသမ ၃၃၆ ဘီလီယံသို့ကျဆင်းသွားခဲ့ပြီး၊ ၎င်းမှာ ၆၇ ရာခိုင်နှုန်းနီးပါး ကျဆင်းသွားခြင်း ဖြစ်ကြောင်းသိရှိရသည်။ အလားတူကာလအတွင်း Debit Card ဖြင့် ငွေပေးချေမှု၏ ငွေကြေးတန်ဖိုးမှာလည်း အိန္ဒိယရူပီး ၇ ဒသမ ၄ လက်သန်းကုဋေ(Lakh Crore)မှ ၄ ဒသမ ၅ လက်သန်းကုဋေသို့ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

အခြားတစ်ဖက်တွင်မူ ၎င်းကာလအတွင်း ခရက်ဒစ်ကတ်(Credit Card) အသုံးပြုမှုမှာ အားကောင်းစွာတိုးတက် လာခဲ့ကြောင်း၊ ခရက်ဒစ်ကတ်ဖြင့် ငွေပေးချေမှုအကြိမ်ရေသည် ၂၀၂၁ ခုနှစ်တွင် ၂ ဒသမ ၁၆ ဘီလီယံရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ၅ ဒသမ ၇ ဘီလီယံအထိ နှစ်ဆကျော်တိုးတက်လာခဲ့ပြီး၊ ငွေပေးချေမှုတန်ဖိုးမှာလည်း ရူပီး ၈ ဒသမ ၉ လက်သန်းကုဋေမှ မြင့်တက်လာခဲ့ရာ နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်း ၂၇ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရှိရသည်။

ပုဂ္ဂလိကကဏ္ဍဘဏ်များသည် ဒစ်ဂျစ်တယ်စနစ်နှင့် အခြားအမှတ်တံဆိပ်များနှင့် ပူးတွဲလုပ်ဆောင်သည့် (Co-branded) ဝန်ဆောင်မှုများကြောင့် ခရက်ဒစ်ကတ်ကဏ္ဍတွင် ဆက်လက်လွှမ်းမိုးထားကြောင်းသိရသည်။ ၎င်းတို့၏ ဈေးကွက်ဝေစုသည် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ခရက်ဒစ်ကတ်အရေအတွက် ၄ ဒသမ ၈ ကုဋေ(Crore) ရှိရာမှ ၆၇ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ပြီး၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကတ်အရေအတွက် ၈ ဒသမ ၂ ကုဋေနှင့်အတူ ဈေးကွက်ဝေစု ၇၁ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း သိရသည်။

နိုင်ငံပိုင်ကဏ္ဍဘဏ်များသည်လည်း အလားတူကာလအတွင်း ၎င်းတို့၏ ဈေးကွက်ဝေစုကို ၂၃ ဒသမ ၅ ရာခိုင်နှုန်းမှ ၂၃ ဒသမ ၉ ရာခိုင်နှုန်းသို့ အနည်းငယ်မြှင့်တင်နိုင်ခဲ့ပြီး၊ ထုတ်ပေးထားသော ကတ်အရေအတွက်မှာ ၁ ဒသမ ၆ ကုဋေမှ ၂ ဒသမ ၈ ကုဋေသို့ မြင့်တက်လာခဲ့ကြောင်းသိရှိရသည်။ သို့ရာတွင် နိုင်ငံခြားဘဏ်များ၏ ဈေးကွက်ဝေစုမှာ ၉ ဒသမ ၃ ရာခိုင်နှုန်းမှ ၃ ဒသမ ၈ ရာခိုင်နှုန်းသို့သိသာစွာကျဆင်းသွားခဲ့ပြီး၊ အသေးစားဘဏ္ဍာရေးဘဏ်များ (Small Finance Banks)ကမူ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးထား၍ ခရက်ဒစ်ကတ် အရေအတွက် ၁၄ သိန်း (14 Lakh)ခန့် ထုတ်ပေးထားပြီးဖြစ်ကြောင်း သိရှိရသည်။


Debit Card ကဏ္ဍတွင် နိုင်ငံပိုင်ကဏ္ဍဘဏ်များက ဆက်လက်လွှမ်းမိုးထားဆဲဖြစ်သော်လည်း၊ ၎င်းတို့၏ ဈေးကွက်ဝေစုမှာ ၂၀၂၁ ခုနှစ် ဒီဇင် ဘာလတွင် ကတ်အရေအတွက် ၆၃ ဒသမ ၇ ကုဋေနှင့်အတူ ၆၇ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကတ်အရေအတွက် ၆၅ ဒသမ ၂ ကုဋေနှင့်အတူ ၆၃ ဒသမ ၁ ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့ကြောင်း သိရှိရသည်။

**Source: The Stateman : UPI drives 85.5 Percent of India's payment volumes, debit card usage falls: RBI Report**

**(ဖြူသဲနှယ်၊ စီးပွားရေးသိမှူး၊ ကော်လ်ကတ္တားမြို့)**

TIR

## STOCK EXCHANGE (27.5.2026)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 27th May. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 25,053 (Shares) | 135,604,350 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 16,500 | +0 | +0.00% | 16,500 | 17,000 | 16,500 | 395 | 6,530,000 | 33,109,694 | 546,310 |
| MTSH | 00002 | 7,800 | +300 | +4.00% | 7,500 | 7,800 | 7,500 | 5,812 | 44,377,300 | 38,929,150 | 303,647 |
| MCB | 00003 | 10,500 | +500 | +5.00% | 10,500 | 10,500 | 10,500 | 711 | 7,465,500 | 10,400,986 | 109,210 |
| FPB | 00004 | 5,200 | +100 | +1.96% | 5,100 | 5,300 | 5,100 | 9,242 | 48,156,900 | 31,144,738 | 161,953 |
| TMH | 00005 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 449 | 1,481,700 | 12,823,224 | 42,317 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 3,780 | 6,615,000 | 19,977,223 | 34,960 |
| AMATA | 00007 | 3,950 | +50 | +1.28% | 3,950 | 3,950 | 3,950 | 733 | 2,895,350 | 10,497,598 | 41,466 |
| MAEX | 00008 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 3,931 | 18,082,600 | 23,804,946 | 109,503 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 27th May. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 711.36 | +10.81 | +1.54% | 703.29 | 715.71 | 703.29 | 25,053 | 135,604,350 | 8 | 1,349,366 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 27th May. 2026

| Trading Volume | Trading Value |
|---|---|
| 25,874 (Shares) | 141,593,550 (MMK) |

## Main Board

As of 1:00 pm, 27th May. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 25,053 (Shares) | 135,604,350 (MMK) |

| MYANPIX | 711.36 ▲ 10.81 |
|---|---|
| Total Volume (shares) | 25,053 |
| Total Value (MMK) | 136 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,349,366 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 16,500 | ▲ 0 |
| MTSH | 00002 | 7,800 | ▲ 300 |
| MCB | 00003 | 10,500 | ▲ 500 |
| FPB | 00004 | 5,200 | ▲ 100 |
| TMH | 00005 | 3,300 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 50 |
| MAEX | 00008 | 4,600 | ▲ 0 |